# ကျိုးကြောင်းဆက်ပုဂ္ဂလပညတ်

ဒေါက်တာနွယ်ဝင်း

မန္တလေးမြို့

ပုဂ္ဂလပညတ်ဆေးချက်များသည် ပဋိစ္စသမုပ္ပါဒ်ဖြစ်စဉ်နှင့်အညီ အာရုံနှင့် ပသာဒတို့တွေ့ဆုံရာမှ ဖြစ်ပေါ်လာသော အတွေ့ဖဿဟူသော ဆေးချက်အရ ခန္ဓာကိုယ်၏ရုပ်ဓါတ်နာမ်ဓါတ်တို့ကို ကောင်းအောင်ဆိုးအောင်၊ ကျန်းမာအောင် မကျန်းမာအောင်၊ သင်္ခါရပြု၍ပေးသောဆေးပညာဖြစ်ကြောင်း- အာရုံနှင့်ပသာဒတို့ တွေ့ဆုံရာမှ ဖြစ်ပေါ်လာသော စိတ္တနိယာမဝီထိစမ္မဖြစ်စဉ် နိယာမအရ ဇောစိတ်များမလွဲမသွေ ဖြစ်ပေါ်လာရပါသည်။ ၎င်းဇောစိတ်အာရုံမှာမနောဒွါရခေါ် ဟဒယဝတ္ထုမှာဖြစ်၍ ထိုမှတစ်ကိုယ်လုံးသို့ပြန့်နှံ့ပြီး မူလဓာတ် စီမံထားသည့်အတိုင်းကောင်းခြင်း၊ ဆိုးခြင်းများ ဖြစ်ပေါ်လာစေရပါသည်။ ဤသို့လျှင် ပဋိစ္စသမုပ္ပါဒ်ဒေသနာဖြစ်စဉ်အရ ဆေးချက်ချထားကြောင်း တင်ပြလို၍ ဤစာတမ်းကို တင်သွင်းရခြင်းဖြစ်ပါသည်။